နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

**အမြတ်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/၈၉)**

၁၃၅၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်

(၁၉၈၉ ခုနှစ်၊ မတ်လ ၂၂ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမြတ်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၁၉၈၉-၉၀ စည်းကြပ်နှစ်အတွက်မှစတင်၍ အကျိုးသက်ရောက်စေရမည်။

၃။ ၁၉၇၆ ခုနှစ်၊ အမြတ်ခွန်ဥပဒေ၏ နိဒါန်းကို ပယ်ဖျက်ရမည်။

၄။ အမြတ်ခွန်ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(က)တွင် အောက်ပါတို့ကို ပုဒ်မခွဲငယ် (၇)၊ (၈)နှင့် (၉)များအဖြစ် ဖြည့်စွက်ရမည် -

(၇) ကုမ္ပဏီ၊

(၈) ပြည်တွင်းနေ နိုင်ငံခြားသား၊

(၉) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ ( ၅)၊ (၇) သို့မဟုတ် (၈) တို့နှင့် အစုစပ် သို့မဟုတ် ဖက်စပ်လုပ်ကိုင်သည့် လုပ်ငန်း။

၅။ အမြတ်ခွန်ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၈)ကို အောက်ပါပုဒ်မခွဲငယ်ဖြင့် အစားထိုးရမည်။

(၈) အစုစပ်လုပ်ငန်း၊ ဖက်စပ်လုပ်ကိုင်သည့်လုပ်ငန်း၊ ကုမ္ပဏီ၊ အသင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုမှ အမြတ်ဝေစု။

၆။ အမြဲတမ်းခွန်ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(ဃ)ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည် -

(ဃ) အစိုးရအဖွဲ့သည် အယူခံများကို လက်ခံဆောင်ရွက်ရန် ပုဂ္ဂိုလ် ၃ ဦးစီပါဝင်သော ဇဟိုအယူခံအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။